## ဂျပန်နိုင်ငံသို့ ရောက်ရှိလျက်ရှိသော မြန်မာနိုင်ငံသားများ၏ ဝင်ငွေခွန်ပေးဆောင်ခြင်းနှင့် အခြား ကောင်စစ်ရေးရာများ ကိစ္စရပ်များဆောင်ရွက်ရာတွင် လွယ်ကူစေရန်နှင့် ကြန့်ကြာမှုမရှိစေရန် သိရှိထားရန် လိုအပ်သည့် အချက်အလက်များနှင့် စာရွက် စာတမ်းများကို ဖော်ပြထားပါသည်။

၁။ **ဂျပန်နိုင်ငံသို့ရောက်ရှိကြောင်းသတင်းပို့ခြင်း** – မြန်မာနိုင်ငံသားများ အနေနှင့် ဂျပန်နိုင်ငံသို့ ရောက်ရှိလာပါက ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်နှင့် ဆက်သွယ်ရန်လိပ်စာတို့ကို ပြည့်စုံစွာဖော်ပြပြီး သံအမတ်ကြီး၊ မြန်မာသံရုံးသို့ လိပ်မူလျက် ပေးပို့ အစောကောင်းကြား ထားရန်လိုအပ်ပါသည်။

၂။ **ဝင်ငွေခွန်စတင်ထမ်းဆောင်ခြင်း** – ဝင်ငွေခွန်ထမ်းဆောင်ရန် သတ်မှတ်ထားသော အနိမ့်ဆုံးလစာမှာ ယန်း တစ်သိန်း ဖြစ်ပြီး ယင်းလစာ၏ ၁၀ အား ဝင်ငွေခွန်အဖြစ် ထမ်းဆောင်ရပါမည်။ ဝင်ငွေခွန်ထမ်းဆောင်ရန် အတွက် လိုအပ်သော စာရွက်စာတမ်းများမှာ ပူးတွဲတင်ပြရန် လိုအပ်သော စာရွက်စာတမ်းများ စာရင်းရှိ အမှတ်စဉ် (၁) မှ (၆) အထိ စာရွက်စာတမ်းများအား ပူးတွဲ တင်ပြရန် ဖြစ်ပါသည်။ (ဝင်ငွေခွန်များကို ဘဏ်သို့ ပေးသွင်းလိုပါက ဘဏ်လိပ်စာ THE BANK OF TOKYO-MITSUBISHI, UFJ LTD., TORANOMON BRANCH, CURRENT ACCOUNT NO. 1647286 (TOZA) သို့ ပေးသွင်း နိုင်ပါသည်။)

၃။ **ဝင်ငွေခွန်ထပ်မံထမ်းဆောင်လိုခြင်း** – လျှောက်ထားရန် လိုအပ်သော စာရွက်စာတမ်းများမှာ ပူးတွဲတင်ပြရန် လိုအပ်သော စာရွက်စာတမ်းများ စာရင်းရှိ အမှတ်စဉ် (၁၊ ၅၊ ၇၊ ၈) တို့ ဖြစ်ပါသည်။ (ဝင်ငွေခွန်များကို ဘဏ်သို့ ပေးသွင်းလိုပါက ဘဏ်လိပ်စာ THE BANK OF TOKYO-MITSUBISHI, UFJ LTD., TORANOMON BRANCH, CURRENT ACCOUNT NO. 1647286 (TOZA) သို့ ပေးသွင်းနိုင်ပါသည်။)

၄။ **နိုင်ငံကူးလက်မှတ် သက်တမ်းတိုးမြှင့်လိုခြင်း** – နိုင်ငံကူးလက်မှတ် သက်တမ်း တိုးမြှင့် လိုသူသည် ဝင်ငွေခွန်ကို အနည်းဆုံး နိုင်ငံကူးလက်မှတ် သက်တမ်း ကုန်ဆုံးသည့် နေ့အထိ ထမ်းဆောင်ထားသူ ဖြစ်ရပါမည်။ လျှောက်ထားရန် လိုအပ်သော စာရွက်စာတမ်းများမှာ မှာ ပူးတွဲတင်ပြရန် လိုအပ်သော စာရွက်စာတမ်းများ စာရင်းရှိ အမှတ်စဉ် (၁၊ ၂၊ ၅၊ ၆၊ ၇၊ ၈) များအား ပူးတွဲတင်ပြလျက် လျှောက်ထားရမည် ဖြစ်ပါသည်။ သက်တမ်းတိုးမြှင့်ရန် (၆)လထက် ကျော်လွန်သူသည် နောက်ကျကြေး ယန်း (၁၆၀၀၀) ပေးသွင်းရမည် ဖြစ်ပါသည်။

၅။ **အဆင့်အတန်းပြောင်းလဲခြင်း** – လျှောက်ထားရန် လိုအပ်သော စာရွက်စာတမ်းများမှာ ပူးတွဲတင်ပြရန် လိုအပ်သော စာရွက်စာတမ်းများ စာရင်းရှိ အမှတ်စဉ် (၁) မှ (၃) အထိအပြင်

- အလုပ်လုပ်သူမှ မှီခိုသူ အဖြစ် လျှောက်ထား လိုသူသည် လက်ထပ်စာချုပ်မူရင်း၊ သန်းကောင်စာရင်း၊ နိုင်ငံသား စီစစ်ရေး ကဒ်ပြား နှင့် လိုအပ်ပါက သက်ဆိုင်ရာမြို့နယ်မှ လက်ထပ်ထားသည်မှာ မှန်ကန်ကြောင်း ထောက်ခံစာ၊ တို့လိုအပ်ပါသည်။
- မှီခိုသူ/ကျောင်းသား/ကျောင်းသူ အဖြစ်မှ အလုပ်လုပ်သူ အဖြစ် လျှောက်ထား လိုသူသည် မည်သည့်နေ့မှစ၍ အလုပ်ခန့် အပ်ခဲ့ကြောင်း အလုပ ခန့်စာ နှင့်အတူ လျှောက်ထားရမည် ဖြစ်ပါသည်။

၆။ **နိုင်ငံအမည် ထပ်မံဖြည့်စွက်ခြင်း** – နိုင်ငံအမည် ထပ်မံဖြည့်စွက်လိုပါက ပူးတွဲတင်ပြရန် လိုအပ်သော စာရွက်စာတမ်းများ စာရင်းရှိ အမှတ်စဉ် (၁၊ ၂၊ ၆၊ ၇) စာရွက်စာတမ်း များအား ပူးတွဲတင်ပြလျက် လျှောက်ထားရမည် ဖြစ်ပါသည်။

၇။ **နိုင်ငံကူး လက်မှတ် သက်တမ်း (၁၀)နှစ်ပြည့် နှင့် စာမျက်နှာ ကုန်၍ အသစ် လဲလှယ်လိုခြင်း** – လျှောက်ထားရန် လိုအပ်သော စာရွက်စာတမ်းများမှာ ပူးတွဲတင်ပြရန် လိုအပ်သော စာရွက်စာတမ်းများ စာရင်းရှိ အမှတ်စဉ် (၁၊ ၂၊ ၃၊ ၅၊ ၆၊ ၇၊ ၈) မှ (၃) စာရွက် စာတမ်းများ အား ပူးတွဲတင်ပြလျက် လျှောက်ထားရမည် ဖြစ်ပါသည်။ (စာရွက်စာတမ်း အားလုံး မိတ္တူ (၂) စုံစီ လိုအပ်ပါသည်။)

### ပူးတွဲတင်ပြရန် လိုအပ်သော စာရွက်စာတမ်းများ စာရင်း။

(၁) သံအမတ်ကြီး၊ မြန်မာသံရုံး၊ တိုကျိုမြို့သို့လိပ်မူလျက် လျှောက်ထားလိုသော အကြောင်းအရာ ပြည့်စုံစွာဖော်ပြထားသည့်လျှောက်လွှာ။
(၂) သံရုံးမှထုတ်ပေးထားသည့် ကိုယ်ရေးရာဇဝင် (မြန်မာဘာသာ (သို့) အင်္ဂလိပ်ဘာသာ တို့ဖြင့် ပြည်စုံစွာ ဖြည့်စွက်ပြီး ရောင်စုံဓါတ်ပုံ–၁ပုံ ကပ်ရန်) ။
(၃) နိုင်ငံကူးလက်မှတ်မိတ္တူ (စာမျက်နှာ အစမှ ပြည်ဝင်ဗီဇာ အပါအဝင် အထောက်အထားရှိ စာမျက်နှာအားလုံး)။
(၄) အလုပ်ခန့်အပ်သည့် ကုမ္ပဏီမှ အလုပ်ခန့်လွှာမူရင်း။
(၅) ဝင်ငွေခွန်ကိုဘဏ်သို့ ပေးသွင်းပါက ဘဏ်ချလံမူရင်း။
(၆) နိုင်ငံကူးလက်မှတ်မူရင်း။
(၇) နောက်ဆုံးထမ်းဆောင်ခဲ့သည့်ဝင်ငွေခွန်ထောက်ခံချက်နှင့်ငွေရပြေစာမိတ္တူ
(၈) ဝင်ငွေခွန်မှတ်တမ်းစာအုပ်။

### မှတ်ချက်

(၁) သံရုံးသို့ ဝင်ငွေခွန်၊ ကောင်စစ်ရေးရာ ကိစ္စရပ်များအတွက် လျှောက်ထားသည့် အခါ သံရုံးမှ လျှောက်လွှာ လက်ခံရရှိကြောင်း လက်ခံဖြတ်ပိုင်းအား ထုတ်ပေးမည် ဖြစ်ပြီး သက်ဆိုင်ရာ စာရွက်စာတမ်းများ လာရောက်ရွေးယူသည့် အခါ အဆိုပါ လက်ခံ ဖြတ်ပိုင်းအား ပြသ၍ ရွေးယူရန် ဖြစ်ပါသည်။

(၂) အထက်တွင် ဖော်ပြထားသော ဘဏ်လိပ်စာမှာ ဝင်ငွေခွန်များသာ ပေးသွင်းရန် ဖြစ်ပါကြောင်း အထူးသတိပြုစေလိုပါသည်။ အခြားကောင်စစ်ရေးရာ ကိစ္စများ ဖြစ်သော သက်တမ်းတိုးမြှင့်ခြင်း၊ နိုင်ငံတိုးခြင်း၊ နိုင်ငံကူးလက်မှတ် စာအုပ်အသစ် ထုတ်ယူခြင်း၊ ကလေးအမည် ဖြည့်စွက်ခြင်း၊ ထောက်ခံစာများ အတွက် ပေးဆောင်ရန် ရှိသည်များကို သံရုံးသို့တိုက်ရိုက် ငွေသားဖြင့် ပေးသွင်းရမည် ဖြစ်ပါသည်။ သံရုံးမှ ငွေလက်ခံ ဖြတ်ပိုင်းကို ပြန်လည်ထုတ်ပေးမည် ဖြစ်ပါသည်။

(၃) သံရုံးမှ မြန်မာနိုင်ငံသားများ၏ အခက်အခဲအား မှန်ကန်စွာ ဆုံးဖြတ်ပေးနိုင်ရန် မိမိတို့ လျှောက်ထားလိုသည့် ကိစ္စရပ်များအား မှန်မှန်ကန်ကန် ဖော်ပြပေးခြင်းဖြင့် ကူညီပေး စေလိုပါသည်။

(၄) တိုကျိုမြို့နှင့် အလှမ်း ဝေးကွာသော အရပ်ဒေသတွင် နေထိုင်ကြ သူများသည် စာတိုက်မှ တစ်ဆင့် ဆောင်ရွက်နိုင်ပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ကာယကံရှင် ထံသို့ပြန်လည် ပေးပို့ရာ၌ လိပ်စာများယွင်း၍ ပျောက်ဆုံးခြင်း မရှိစေရန် အတွက် ကာယကံရှင်မှ အပြန်စာအိတ် တစ်လုံးအား နေရပ်လိပ်စာ အပြည့်အစုံ ရေးသားပြီး လိုအပ်သည့် တံဆိပ်ခေါင်း ကပ်လျက် လျှောက်လွှာများ နှင့် အတူ သံရုံးသို့ ပေးပို့ထားရန် ဖြစ်ပါသည်။

(၅) မြန်မာနိုင်ငံသား များအနေဖြင့် ကောင်စစ်ကိစ္စရပ်များ ဆောင်ရွက်ရာတွင် ကြားခံပွဲစားများမှ တစ်ဆင့် ဆောင်ရွက်ခြင်းဖြင့် အရှုပ်အရှင်းများနှင့် မလိုလားအပ်သော ပြဿနာများ ပေါ်ပေါက်လာနိုင်ပါသဖြင့် ကောင်စစ်ဌာနသို့ ကာယကံရှင်ကိုယ်တိုင် ဖုန်း (သို့မဟုတ်) လူကိုယ်တိုင် တိုက်ရိုက် ဆက်သွယ် ကြပါရန် မေတ္တာ ရပ်ခံပါသည်။

(၆) နိုင်ငံကူး လက်မှတ်စာအုပ် အသစ် ထုတ်ပေးခ ယန်း ၃၅၀၀၀/–၊ သက်တမ်းတိုမြှင့်ခ ယန်း ၈၅၀၀/–၊ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံ လက်မှတ် အသစ် ထုတ်ပေးခ ယန်း ၁၃၅၀၀/–၊ သက်တမ်းတိုးမြှင့်ခ ယန်း ၆၅၀၀/–၊ နိုင်ငံတိုးမြှင့်ခ၊ ဘခင်/မိခင် နိုင်ငံကူး လက်မှတ်တွင် ကလေးအမည် ဖြည့်စွက်ခ၊ ထောက်ခံစာခ တို့အတွက် ယန်း ၃၀၀၀/– ဖြစ်ပါသည်။

(၇) လိုအပ်သော ပုံစံများကို ကောင်စစ်ဌာနတွင် တောင်းခံ ရယူနိုင်ပါသည်။

ကောင်စစ်ဌာန၊ မြန်မာသံရုံး၊ တိုကျိုမြို့။